**ဦးဇော်မိုးအောင်( သရက်မြို့နယ်မဲဆန္ဒနယ်အမှတ်-၂ )။** ။ လေးစားအပ်ပါသော မကွေး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မကွေးတိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်ဝန်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါသည်။ ကျွန်တော်ကတော့ သရက်မြို့ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်း သွားမယ့်ကိစ္စကတော့ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် စာပေဖွံ့ဖြိုးရေးကိစ္စကို စိတ်အားထက်သန် သော စေတနာရှိသော အဖွဲ့အစည်းများ ပညာရှင်ပုဒ်များကို ပူးပေါင်း၍ မြေလတ်ဒေသ စာကြည့်တိုက် တည်ထောင်သွားရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ပြီး နိုင်ငံသားပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးအတွက် တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်မှာလည်း စိန်ခေါ်မှုများစွာ ရှိသကဲ့သို့ ပြုပြင် ပြောင်းလဲရေးများကို ကြိုးစား၍ဆောင်ရွက်နေသလို ပြည်သူလူထု အသိပညာပြည့်ဝရေးအတွက် စာပေ လောကတစ်ခုလုံးအရှိန်အဟုန်ဖြင့် တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို ပြည်သူများ လွယ်လင့်တကူ ဗဟုသုတရှာမှီနိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း စာကြည့်တိုက်များကို Community “ Center များအဖြစ် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ အကူအညီများဖြင့် ဆောင်ရွက်နိုင် ခဲ့သည့်အပြင် ကလေးစာဖတ်ခန်းများ၊ ကလေးစာပေပွဲတော်များ၊ ကဗျာ၊ စာဖတ်ဝိုင်း၊ ပန်းချီသင်တန်း စသည်တို့ကိုလည်း ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပုံနှိပ်ရေးနှင့် ထုတ်ဝေဦးစီးဌာနမှလည်း နိုင်ငံတော်ပြန်တမ်းများ၊ ပုံနှိပ်ထုတ်လုပ်ဖြန့်ချီခြင်း၊ ဘာသာပြန်ဆိုင်ရာ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာတန်း ဖတ်ပွဲများအပြင် ထွန်းဖောင်ဒေးရှင်းနှင့် စာပေဗိမာန်အဖွဲ့တို့မှ ပူးပေါင်းပြီး မြန်မာ့စွယ်စုံကြမ်း ပုံနှိပ် ထုတ်ဝေနိုင်အောင် စီစဉ်ဆောင်ရွက်နေပါသည်။ သို့ပါသောကြောင့် မကွေးတိုင်းဒေသကြီးရှိ အများပြည်သူ များကို သတင်းအချက်အလက်ပေးတာအပြင် အသိပညာ တိုးတက်ရေး၊ နိုင်ငံတကာမှ စာအုပ်စာပေများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကလေးစာပေများ၊ သုတ၊ ရသ၊ နည်းပညာစာအုပ်မျိုးစုံ စုဆောင်းထားရှိ သော စာကြည့်တိုက်အပြင် စာဖတ်ပွဲ၊ စာပေ စကားဝိုင်း၊ ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် စာတတ်သူတိုင်း စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် မကွေးမြို့တွင် စာပေ ဖွံ့ဖြိုးရေးကိစ္စကို စိတ်အားထက်သန်သော၊ စေတနာရှိသော အဖွဲ့အစည်းများ၊ ပညာရှင်များ ပူးပေါင်း၍ မကွေးတိုင်းဒေသကြီးအစိုးရမှ မြေလတ်ဒေသစာကြည့်တိုက် ထူထောင်ဆောင်လုပ်သွားရန် အစီအစဉ်ရှိ/ မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါသည်။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်/မြို့နယ်/မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး (၂၆)ရုံးတွင် ပြည်သူများ လွယ်လင့်တကူ အသိပညာဗဟုသုတ ရှာမှီးနိုင်ရေးအတွက် ပြည်သူ့စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက် ထားရှိပါသည်။ ပြည်သူ့စာကြည့်တိုက်များ စာအုပ်စာစောင် တိုးပွားရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)နှင့် ခရိုင်/ မြို့နယ်/ မြို့ရုံး အစီအစဉ်များဖြင့် သုတ၊ ရသ စာအုပ်စာစောင်များ

ဝယ်ယူခြင်းဖြင့်လည်းကောင်း၊ အလှူခံရရှိမှုတို့ဖြင့်လည်းကောင်း စာအုပ်စာစောင်များကို လစဉ်ဖြည့်တင်းပေးလျက်ရှိပါသည်။ ပြည်သူ့စာကြည့်တိုက်များအနေဖြင့် စာအုပ်စာစောင်များ အခမဲ့ ငှားရမ်းပေးခြင်း၊ နယ်လှည့်စာကြည့်တိုက်များ ဆောင်ရွက်ခြင်း၊ စာပေဖွံ့ဖြိုးမှုဆိုင်ရာများဖြစ်သည့် စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများ၊ ပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် ကလေးများ စာပေဖတ်ရှုသည့် အလေ့အထများ ရရှိစေရေး ကလေးစာဖတ်ခန်း များကို ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် ယခုအခါ ပြည်သူ့စာကြည့်တိုက်များကို ပြည်သူများ ဝင်ထွက်သွားလာနိုင်သည့် နေရာ၊ ဒေသခံများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်သည့် လူမှုအသိုင်းအဝိုင်း စုဝေးရာနေရာ၊ ဒေသဖွံ့ဖြိုးရေးကိစ္စများ ညှိနှိုင်းဆွေးနွေးနိုင်သည့်နေရာ၊ လူထုအခြေပြုဗဟိုဌာန (Community Centre) များအဖြစ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

နတ်မောက်မြို့နယ်ရုံးရှိ ပြည်သူ့စာကြည့်တိုက်အား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းကာ လူထုအခြေပြုဗဟိုဌာန (Community Centre)အဖြစ် စာပေဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သင်တန်းနှင့် ဆွေးနွေးပွဲများပြုလုပ်ခြင်းတို့အပြင် နယ်လှည့်စာကြည့်တိုက် မော်တော်ယာဉ်ဖြင့် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မြေလတ်စာကြည့်တိုက် တည်ဆောက်ရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်သက်မွန်အေး ( ဆိပ်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ် - ၁ )။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင့်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်မွန်အေး ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းမယ့် မေးခွန်းကတော့ **ဆိပ်ဖြူမြို့ ပြည်သူ့ဆေးရုံကြီးတွင် Digital ဓါတ်မှန်စက်အသစ်တစ်လုံး ချထားပေးနိုင်ရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် ကျွန်မတို့ ဆိပ်ဖြူမြို့ ပြည်သူ့ဆေးရုံကြီးသည် ကုတင် (၅၀)ဆံ့ ဆေးရုံကြီးဖြစ်ပြီး တစ်နေ့လျှင် အတွင်းလူနာအဖြစ် (၇၀)မှ (၈၅)ဦးအထိ တက်ရောက်နေပြီး ပြင်ပလူနာဌာနတွင် ဆေးခန်းပြလူနာဦးရေမှာ (၂၀)ဦးမှ (၃၀)ဦးထိရှိပါသည်။ ယခု အသုံးပြုနေသော ဓါတ်မှန်စက် China 200MA TR200B သည် ၂၀၀၀ ခုနှစ် ၊ ဩဂုတ်လမှ စတင်အသုံးပြုခဲ့ရာ ယနေ့အချိန်တွင် ဓါတ်မှန်စက်မှာ အမြဲတမ်းပျက်နေပြီး အသုံးပြု၍မရသဖြင့် အရေးပေါ်လူနာများ ကုသပေးရာတွင် အခက်အခဲများစွာ ဖြစ်နေရပါတယ်ရှင်။ လူနာများမှာ ဓါတ်မှန်ရိုက်ရန်အတွက် ချောက်ရေနံဆေးရုံ၊ ချောက်ပြည်သူ့ဆေးရုံနှင့် ပုဂ္ဂလိက ဓါတ်မှန်ရိုက်ဆိုင်များတွင် သွားရောက်ရိုက်ကြရာ အခက်အခဲအမျိုးမျိုး ကြုံတွေ့ခံစားနေရပါသဖြင့် ဆိပ်ဖြူမြို့ ပြည်သူ့ဆေးရုံကြီးတွင် Digital ဓါတ်မှန်စက် အသစ်တစ်လုံး ချထားပေးမည်ဆိုပါက ခေတ်နှင့်အညီ ပုံထွက်ကောင်းပြီး ကြည်လင်ပြတ်သားမှု ရှိခြင်းတို့ကြောင့် ရောဂါကို မှန်ကန်စွာ သိရှိရ၍ အချိန်မီကုသနိုင်မည်ဖြစ်သောကြောင့် Digital ဓါတ်မှန်စက်အသစ်တစ်လုံး ချထားပေးနိုင်ခြင်း ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ရှင်။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ ဆိပ်ဖြူမြို့နယ် ပြည်သူ့ဆေးရုံတွင် ယခုအသုံးပြုနေသော ဓါတ်မှန်စက် China 200MA TR200B သည် ၂၀၀၀ ခုနှစ်၊ ဩဂုတ်လမှစတင်၍ အသုံးပြုခဲ့ရာ ယနေ့အချိန်တွင် အဆိုပါ ဓါတ်မှန်စက်မှာ စက်ပိုင်းဆိုင်ရာ အားနည်းချက်များရှိသည့်အတွက် Digital ဓါတ်မှန်စက် အသစ်တစ်လုံး ချထားပေးနိုင်ရန် မကွေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ ဆိပ်ဖြူမြို့နယ်ကုသရေးဦးစီးဌာနသို့ ဆေးနှင့်ဆေးရုံသုံးပစ္စည်းများ တောင်းခံလွှာပုံစံဖြင့်တင်ပြတောင်းခံနိုင်ရေးအတွက် ( ၂၆-၁၂-၂၀၁၈ ) ရက်စွဲပါစာအမှတ်၊ ၃၂၄၁/ မကတ/ ပက/ လွှတ်တော်/ ၂၀၁၈ ဖြင့် အမြန်ဆုံး တင်ပြတောင်းခံရန် အကြောင်းကြားဆောင်ရွက်ထားပြီးဖြစ်ပါသည်။

သတ်မှတ်ပုံစံများ ရောက်ရှိလာပါက ကုသရေးဦးစီးဌာန(ရုံးချုပ်)(နေပြည်တော်)သို့ ဆက်လက်ထောက်ခံတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်နီနီဝင်း (ပခုက္ကူမြို့နယ် မဲဆန္ဒနယ်အမှတ် - ၂)။** ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပခုက္ကူမြို့နယ် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမည့် အကြောင်းအရာကတော့ တန့်ကြည်တောင် ဂေါပကအသစ်ပြန်လည် ရွေးချယ်ပြီးဖြစ်သော်လည်း အဘယ်ကြောင့် ပြောင်းလဲခြင်း မရှိသေးသည်ကို သိရှိလို၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် -

တန့်ကြည်တောင်ဘုရားသည် ဘုရားလေးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သည့် တန်ခိုးကြီးဘုရားဖြစ်သောကြောင့် ဘုရားဖူးများလည်း အလွန်များပြားပါသည်။ ယင်းဘုရားဖူးများကို အခြေပြု၍ ပြည်ပခရီးသွားများတွင်သာမက ပြည်တွင်းခရီးသွားများလည်း များစွာလာရောက်လျက် ရှိပါသည်။ ဘုရားကိုအခြေပြု၍ ဒေသခံကျေးရွာများရှိ ပြည်သူများမှာလည်း တစ်နိုင်တစ်ပိုင် တောင်တက်ဘုရားဖူးကားများပြေးဆွဲလျက်ရှိသောကြောင့် ဒေသခံများ၏ အကျိုးစီးပွားရေးကိုလည်း များစွာအထောက်အကူ ပြုလျက်ရှိပါသည်။ ခရီးသွားများ များပြားလာသောကြောင့် ဘုရား၏ဘဏ္ဍာရေး အလှူငွေများ ပွင့်လင်းမြင်သာမှုအားနည်း၍ ထာဝရဂေါပကများ ဘုရားလူကြီး ဂေါပကရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန် မျှော်လင့်ခဲ့ကြသလိုမျိုး ဖြစ်စေရန် ကျွန်မတို့လည်း အစဉ်တစ်စိုက် ကြိုးပမ်းခဲ့ကြပါတယ်။ ထို့ကြောင့်တန့်ကြည်တောင် ဂေါပကဘုရားလူကြီးအသစ်ကို လွန်ခဲ့သော (၆)လကျော် (၇)လခန့်က ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့ပြီးဖြစ်ပါတယ်။ ထို့သို့ရွေးချယ်ခဲ့သော်လည်း တန့်ကြည်တောင်တွင်ရှိသော ဘုရားမှာ အစစ်မဟုတ် အတုဖြစ်သည်ဟု ဆိုကာ တိုင်ကြားမှုတစ်ခု ပေါ်ပေါက်ခဲ့ပါသည်။ ထိုတိုင်ကြားမှုကိုလည်းသက်ဆိုင်ရာမှ အဆင့်ဆင့် စစ်ဆေးခဲ့ပြီးဖြစ်၍ အမှုမှန်ပေါ်ပေါက်ခဲ့ပြီး ဖြစ်သော်လည်း ဂေါပကအဟောင်းများအား အချိန်အပြောင်း မပြုလုပ်သေးသည်ကို တွေ့ရှိနေရပါတယ်။ ကျွန်မအနေနှင့် တင်ပြလိုတာကတော့မည်သို့သော အမှု/ တိုင်ကြားစာ ဖြစ်ပါစေ၊ အမှုတိုင်ကြားစာစစ်ရမည်မှာ တစ်ကဏ္ဍ၊ ဂေါပကအသစ်အဟောင်း လဲလှယ်ရမည်မှာ တစ်ကဏ္ဍ၊ သူကဏ္ဍအလိုက်သွားလျှင် ပို၍သင့်တော်မည်ဟု မြင်မိပါ တယ်။ အစိုးရသက်တမ်း(၃)နှစ်သို့ ရောက်ရှိလာသော်လည်း အခြားကဏ္ဍပြောင်းရန် မဆိုထားနှင့် ဂေါပကအသစ်အဟောင်း ပြောင်းလဲရန် ဤမျှ အချိန်ကြာမြင့်စွာ လုပ်ဆောင်မှုနှေးကွေးနေပါက ပြည်သူများ၏ အစိုးရ

အပေါ် ယုံကြည်မှုကျဆင်းလာမည် ဖြစ်ပါသောကြောင့် ရွေးချယ်ပြီးသော ဂေါပကဘုရားလူကြီးအသစ်ကို မည်သည့်အချိန်တွင် စတင်တာဝန်ထမ်းဆောင်ခိုင်မည်ကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ ပခုက္ကူမြို့နယ်၊ ဆိက္ခဝ ကျေးရွာအုပ်စုရှိ ရှေးဟောင်းသမိုင်းဝင် တန့်ကြည့်တောင် စွယ်တော် မြတ်စေတီတော် ဂေါပကအဖွဲ့အသစ်ကို (၂၂- ၂- ၂၀၁၈)ရက်နေ့တွင် မြို့စိုးကျေးရွာအုပ်စုနှင့် ဆိက္ခဝကျေးရွာအုပ်စုများမှ ရွေးချယ်တင်မြှောက်ထားသည့် လျာထားလူပုဂ္ဂိုလ်(၃၅)ဦးမှ အလုပ်အမှုဆောင် (၁၀)ဦးကို ခရိုင်သာသနာရေးဦးစီးသည့်အဖွဲ့မှ အတည်ပြုရွေးချယ်ခဲ့ပါသည်။ ဂေါပက အလွှဲအပြောင်းအတွက် ဩဝါဒခံယူပွဲ ကျင်းပပြုလုပ်၍ ဩဝါဒခံယူပွဲသို့ ဩဝါဒစရိယဆရာတော်များ၊ လူပုဂ္ဂိုလ်နာယကများ၊ ဂေါပကအဖွဲ့အသစ်၊ ဂေါပကအဖွဲ့အဟောင်းများကို စုံညီစွာ ဖိတ်ကြားရေး သာသနာရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရန် ဩဝါဒခံယူပွဲပြီးစီးပါက ဂေါပကအဖွဲ့အသစ်သည် တရားဝင်အတည်ပြုပြီးဖြစ်သဖြင့် ဘုရားကြီး၏လုပ်ငန်း၊ ပစ္စည်း၊ စာရင်းအင်းများကို အဖွဲ့ဟောင်းမှ အဖွဲ့အသစ်သို့ စနစ်တကျ လွှဲပြောင်းနိုင်ရေး တစ်ပါတည်း ကြိုတင်စီမံဆောင်ရွက်သွားရန် ဂေါပကရွေးချယ်ရေးအဖွဲ့မှ အသိပေးချပြ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါသည်။

ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်း ပခုက္ကူမြို့နယ်သာသနာရေးဦးစီးမှူးရုံးသို့ တန့်ကြည့်တောင်စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့အသစ် /အဟောင်းပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ သာသနာရေးမှူးမှ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားခဲ့ပြီး ခရိုင်သာသနာရေးမှူးမှလည်း ( ၁၂-၇-၂၀၁၈ )ရက်နေ့တွင် ဦးနုပါ ဂေါပကအဖွဲ့ဟောင်း ( ၃ )ဦး၊ ဦးကျော်ကျော်ထွန်းပါ ဂေါပကအဖွဲ့အသစ်(၃)ဦးတို့အား ဂေါပကအဖွဲ့ အပြောင်းအလဲပြုလုပ်နိုင်ရေးအတွက် နှစ်ဦးနှစ်ဖက်ညှိနှိုင်း တိုင်ပင်ဆွေးနွေးရာတွင် ဂေါပကအဖွဲ့ဟောင်း ဦးနုမှ အဓိဋ္ဌာန်အောင် ဆုတောင်းပြည့်ရုပ်ပွားတော် ပျောက်ဆုံးမှုနှင့်ပတ်သက်ပြီး ရှင်းလင်းတိကျစွာ ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ ဦးကျော်ကျော်ထွန်းမှ ဂေါပကအပြောင်းအလဲကိစ္စတွင် အဓိဋ္ဌာန်အောင်ဆုတောင်းပြည့် ရုပ်ပွားတော်ပျောက်ဆုံးခြင်းနှင့် ပတ်သက်မှုမရှိပါကြောင်း ပြောဆိုသော်လည်း ဂေါပကဟောင်း ဦးနုမှ မိမိတို့အဖွဲ့၏ ဂုဏ်သိက္ခာကို စောင့်ထိန်းသောအားဖြင့် အဓိဋ္ဌာန်အောင် ဆုတောင်းပြည့်ရုပ်ပွားတော် ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး ရှင်းလင်းတိကျစွာ ဆောင်ရွက်ပြီးမှသာ လွှဲပြောင်းပေးနိုင်မည်ဖြစ်ကြောင်း ထပ်မံပြောကြားခဲ့ပါသောကြောင့် ဂေါပက အသစ်/အဟောင်း ပြောင်းလဲပေးနိုင်ရေး အခက်အခဲရှိခဲ့ပြီး တိုင်းဒေသကြီးသာသနာရေးမှူးရုံးမှ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အောက်ပါအချက်အလက်များအား အကြံပြုတင်ပြခဲ့ပါသည်-

(က) ပခုက္ကူမြို့နယ်၊ တန့်ကြည့်တောင်စွယ်တော်မြတ်စေတီတော် ဂေါပကအသစ်နှင့်အဟောင်း လက်ရှိတို့သည် အပြန်အလှန်တိုင်ကြား ဖြေရှင်းနေရခြင်းများ ရှိနေပါသဖြင့် ညှိနှိုင်းဖြေရှင်းပြီးမှသာ ဂေါပကလွှဲပြောင်းခြင်းကိစ္စ ဆောင်ရွက်သင့်ပါကြောင်း၊

(ခ) ဂေါပကဖွဲ့ခြင်း၊ အစားထိုးခြင်း၊ စည်းမျဉ်းရေးဆွဲခြင်းများသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှပြဋ္ဌာန်းထားသော ညွှန်ကြားလွှာအမှတ်(၃၆)အရ ပခုက္ကူမြို့နယ်သံဃနာယကအဖွဲ့၏ သဘောထားအတိုင်းသာ လိုက်နာဆောင်ရွက်သင့်ပါကြောင်း၊

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖော်ပြပါအကြံပြုချက်များအတိုင်း ဆက်လက်စီမံဆောင်ရွက်ရန် (၁၃-၉-၂၀၁၈) ရက်စွဲပါစာဖြင့် ဆုံးဖြတ်ညွှန်ကြားထားရှိပါကြောင်း သိရှိရပါသဖြင့် တန့်ကြည့်တောင် ဂေါပကအဖွဲ့အသစ်/အဟောင်း လွှဲပြောင်းဆောင်ရွက်နိုင်ရေးအတွက် (၁၁.၇.၂၀၁၈) ရက်နေ့တွင် နှစ်ဦးနှစ်ဘက် ပြေလည်အောင် ညှိနှိုင်းပေးပါသော်လည်း ဂေါပကအသစ်နှင့်အဟောင်း ပုဂ္ဂိုလ်များသည် တစ်ဘက်နှင့်တစ်ဘက် အပြန်အလှန်ပြောဆိုနေကြပြီး ညှိနှိုင်း၍မရသဖြင့် နှစ်ဦးနှစ်ဘက်ပြေလည်သည့်အထိ ဆိုင်းငံ့ထားခြင်းကြောင့် ကြန့်ကြာနေရခြင်းဖြစ်ပြီး နှစ်ဦးနှစ်ဘက်ပြေလည်ပါက ပြောင်းလဲပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးလှိုင်မြင့်သန်း( မင်းလှမြို့နယ် မဲဆန္ဒနယ်အမှတ် - ၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်မြင့်သန်း ဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ကျွန်တော်တို့ မင်းလှမြို့နယ်၏ အနောက်ဘက်ခြမ်း တောင်ပေါ်ဒေသတွင် နေထိုင်ကြသော သွေ့ကျောက်အုပ်စု၊ လက်ပံခုံကျေးရွာတွင် ကျေးလက်ဆေးပေးခန်းခွဲတစ်ခုနှင့် ကျန်းမာရေးဆရာမ(၁)ဦး ချထားပေးနိုင်ခြင်းရှိ/ မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

အထက်ဖော်ပြပါ ကျေးရွာအုပ်စုတွင် လက်ပံခုံကျေးရွာ၊ မကျီးကိုင်းကျေးရွာ၊ ကြက်အုပ်ကျေးရွာ၊ ခိုင်ဖျားတဲစု၊ ဇင်ခေါင်တဲစုဟူ၍ ကျေးရွာပေါင်း(၅)ရွာဖြင့် ဖွဲ့စည်းထားသော ချင်းလူမျိုးများ နေထိုင်သည့် ကျေးရွာများဖြစ်ကြပြီး လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသော ကျေးရွာများ ဖြစ်ပါသည်။ ကျေးလက်ဆေးပေးခန်းရှိသော လက်ပံတံခါးကျေးရွာနှင့် (၈)မိုင်ခန့်ဝေးကွာပြီး လမ်းခရီးမှာ အတက်အဆင်း၊ ချောက်ကမ်းပါးများဖြင့် အလွန်ခက်ခဲကြမ်းတမ်းပါသည်။ ကဒေါင်းကျင်းကျေးရွာ၊ ပနီဆုံကျေးရွာ၊ သွေ့ကျောက်ကျေးရွာအုပ်စု(၃)စုမှာ ကျန်းမာရေးဆရာမ(၁)ဦးသာ ရရှိထားပြီး ၎င်းကျန်းမာရေးဆရာမမှာလည်း ပနီဆုံကျေးရွာတွင်နေသည့်အတွက် ကျန်သောကျေးရွာများမှာ အလွန်ဝေးကွာပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှု မရရှိကြပါ။ မင်းလှမြို့မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလှထွန်းတို့ (၈.၁၂.၂၀၁၈)နေ့မှာ ၎င်းကျေးရွာများတွင် ပါဝင်သော ကြက်အုပ်ကျေးရွာသို့ ပြည်သူလူထုနှင့်တွေ့ဆုံပြီး ဆွေးနွေးရန် ရောက်ရှိခဲ့ပါသည်။

ထိုခရီးစဉ်တွင် (၁၄.၅.၂၀၁၈)နေ့တွင် ကြက်အုပ်ကျေးရွာမှ အမျိုးသမီးတစ်ဦး မီးဖွားရာတွင် အဆင်မပြေမှုကြောင့် ဆေးရုံဆေးပေးခန်းရှိရာ (၁၀)မိုင်ခန့်ကွာဝေးသော စပ်စီကျေးရွာအထိ ထမ်းစင်နှင့်ထမ်းပိုး၍ စပ်စီမှ (၁၁)မိုင်ခန့်ကွာဝေးသော ပဒါန်းဆေးရုံသို့ ကားဖြင့်ပို့ဆောင်၍ ကုသခဲ့ရကြောင်း ဒေသခံများမှ တင်ပြချက်အရ သိရှိရပါသည်။ ၎င်းကြက်အုပ်ကျေးရွာတွင် ကိုယ်ဝန်ဆောင် မိခင်များ လိုအပ်လျက်ရှိသော မေးခိုင်ရောဂါကာကွယ်ဆေးများ၊ ကိုယ်ဝန်ဆောင်သံဓါတ်အားဆေးများ၊ သန်ချဆေးများနှင့် အရည်အသွေးပြည့်မီသော ကိုယ်ဝန်ဆောင်ကျန်းမာရေး စောင့်ရှောက်မှုများတို့သည် လိုအပ်ချက်များစွာ ရှိနေပါသည်။ (၅) နှစ်အောက်ကလေးများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် (၁)နှစ်အောက်ကလေးများအတွက် ပုံမှန်

ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများ မရှိခဲ့ခြင်းတို့သည်လည်း ၎င်းဒေသရှိ ပြည်သူများအတွက် လက်ရှိရင်ဆိုင်နေရသော အခြေခံပြဿနာများ ဖြစ်ကြပါသည်။ ၂၀၁၈ ခုနှစ်၌ မွေးဖွားသောကလေးများအားလုံး ကာကွယ် ဆေးတစ်ကြိမ်မျှ ထိုးနှံရခြင်း မရှိသေးကြောင်း သိရှိခဲ့ရပါသည်။ ထိုဒေသမှာ ရှိကြကုန်သော ချင်းတိုင်းရင်းသားများသည်လည်း တိုင်းရင်းသား အခွင့်အရေးတန်းတူ ရထိုက်သော လူမျိုးစုများ ဖြစ်သည့်အတွက် ၎င်းဒေသ သွေ့ကျောက်အုပ်စု၊ လက်ပံခုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းခွဲ တစ်ခုနှင့် ကျန်းမာရေးဆရာမတစ်ဦး ချထားပေးရန် စီစဉ်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုပါ၍ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည် ခင်ဗျား။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ မင်းလှမြို့နယ်အတွင်းရှိ ပနီဆုံကျေးလက်ကျန်းမာရေးဌာနခွဲပိုင် လက်ပံခုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိနိုင်ရန် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ ယင်းကျေးရွာနှင့် ပတ်သက်သော ဒေသအခြေခံအချက်အလက်များကို ပြုစုတင်ပြပေးနိုင်ရန် မကွေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ( ၂၆-၁၂-၂၀၁၈ )ရက်စွဲပါစာအမှတ်၊ ၂၇၄၆/မကတ/၁က/လွှတ်တော်/၂၀၁၈ဖြင့် တောင်းခံထားပါကြောင်း အချက်အလက်များ ရောက်ရှိသည့်အခါ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီပါက ဆက်လက် ထောက်ခံ တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်အေးယုမော် (သရက်မြို့နယ် မဲဆန္ဒနယ်အမှတ် - ၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။

ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးယုမော် ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့် -

ကျွန်မအနေနဲ့ သရက်မြို့နယ်၊ ရွာမကျေးရွာအုပ်စု၊ ရွာမကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲ စံကိုက်အဆောက်အဦအသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ရွာမကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ဆင်ကော် ကျေးလက် ကျန်းမာရေးဌာနပိုင်၊ ရွာမကျေးလက်ကျန်းမာရေးဌာနခွဲ လက်အောက်ရှိ ကျေးရွာ တစ်ရွာဖြစ်ပါသည်။ ရွာမကျေးရွာမှ ရွာမ၊ မကျီးပင်၊ လျှော်တောင်၊ ယင်းတောကျေးရွာများကို တာဝန်ယူပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအား ဆောင်ရွက်ရပါတယ်ရှင်။ လူဦးရေ (၂၁၀၇)ဦး၊ အိမ်ခြေ(၅၃၉)၊ အိမ်ထောင်စု (၅၄၃)စု အကျိုးပြုခံစားရမှာ ဖြစ်ပါတယ်ရှင်။ ပွင့်လင်းရာသီတွင် ဆိုင်ကယ်၊ လှည်း၊ ကား စသည်တို့ဖြင့် သွားလာနိုင်ပြီး မိုးတွင်းကာလတွင် ခြေလျင်၊ လှည်းတို့ဖြင့် သွားလာရပါတယ်။

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ဆင်ကော်ကျေးလက်ကျန်းမာရေး ဌာနပိုင်၊ ရွာမကျေးလက်ကျန်းမာရေးဌာနခွဲသည် လူဦးရေအရသော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိမှုကြောင့်သော်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်သော်လည်းကောင်း၊ စံကိုက်အဆောက်အဦ ဆောက်လုပ်ခွင့်ကို ၂၀၁၈ - ၂၀၁၉ ဘတ်ဂျက်ကလည်း ပထမဦးစားပေး လျာထားပေးသော်လည်း မရရှိခဲ့ပါ။

သို့ဖြစ်ပါ၍ ရွာမကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦအသစ်ကို ၂၀၁၉ - ၂၀၂၀ ခုနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီး အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ကျေးလက်ကျန်းမာရေးဌာန ကျေးလက်ကျန်းမာ ရေးဌာနခွဲများကို ကျန်းမာရေးဌာန၏ စံကိုက်အဆောက်အဦ ပုံစံအတိုင်းဖြစ်နိုင်ရန် သက်ဆိုင်ရာဘဏ္ဍာရေး နှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် သရက်မြို့နယ်အတွင်းမှ ကျေးလက်ကျန်းမာရေးဌာနခွဲ (၂)ခုဖြစ်သည့် ဖောင်းကအိုင် ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ရွှေပန်းကိုင် ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို ကျန်းမာရေးဌာန စံကိုက်အဆောက်အဦပုံစံအတိုင်း အကောင်အထည် ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုတင်ပြသောသရက်မြို့နယ် ရွာမကျေးလက်ကျန်းမာရေးဌာနခွဲ ကိုလည်း ၂၀၁၉ - ၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင် စံကိုက်အဆောက်အဦ ဆောက်လုပ်ရရှိနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် (ရုံးချုပ်)သို့ (၂၆-၁၂-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၂၇၄၀/ မကတ/ ၁က/ လွှတ်တော်/၂၀၁၈ ဖြင့် တင်ပြ ဆောင်ရွက်ထားပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်စွမ်းရည် (မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ် - ၁)။** ။ လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား -

ကျွန်တော်ကတော့ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည် ဖြစ်ပါသည်။ ကျွန်တော်အနေဖြင့် မင်းဘူးပြည်သူ့ဆေးရုံကြီးတွင် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး ပြတ်လပ်နေ၍ မကွေးတိုင်းဒေသကြီးအစိုးရမှ ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/ မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား -

မင်းဘူးပြည်သူ့ဆေးရုံကြီးတွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေး ပြတ်လတ်နေပါတယ်။ တိုင်းမှ လည်း မြို့နယ်ခွဲတန်းအဖြစ် ပြတ်လပ်နေကြောင်းနှင့် ဗဟိုပြည်သူ့ကျန်းမာရေးမှလည်း ပြတ်လပ်နေသည့် အတွက် မပံ့ပိုးနိုင်ကြောင်း သိရှိရပါသည်။ ခွေးကိုက်ပါက ကာကွယ်ဆေးထိုးရန် လူနာများသည် ပြင်ပ ဆေးခန်းတွင် သွားရောက်ထိုးရပါသည်။ ငွေကြေးမတတ်နိုင်သည့် လူနာများသည် ပြင်ပ၌မထိုးတော့ပဲ နေသည့်အတွက် အသက်အန္တရာယ် များလှပါသည်။ မင်းဘူးပြည်သူ့ဆေးရုံကြီးတွင် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးသူ ဦးရေ တစ်လတွင် အောက်ဆုံးအဆင့် (၂၀)မှ (၄၆)ဦးထိ ရှိပါသည်။ ယခုလက်ရှိတွင် ဒီဇင်ဘာလအတွက် ဆေးပြတ်လပ်နေပါသည်။ လိုအပ်နေသည့် ဆေးအမျိုးအစားမှာ Indirab နှင့် Sbeeda ဟုသော ဆေးအမျိုးအစားဖြစ်၍ ၎င်း(၂)မျိုးမှ တစ်မျိုး ရရှိပါကလည်း အဆင်ပြေမည်ဖြစ်ပါသည်။

ထို့ကြောင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်နေသည့် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးကို ဝယ်ယူထောက်ပံ့ လှူဒါန်းမည်ဆိုပါက အဆင်ပြေမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွေးရူးပြန်ရောဂါကာကွယ်ဆေး ဝယ်ယူထောက်ပံ့ပေးရန် အစီအစဉ်ရှိ/ မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါသည်။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ ခွေးရူးပြန်ရောဂါကာကွယ်ဆေးများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန(နေပြည်တော်)၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှ စီမံခန့်ခွဲပြီး တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများသို့ အခမဲ့ ဖြန့်ဝေ ထောက်ပံ့ပေးပါသည်။ မကွေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့်လည်း မြို့နယ်များမှ လိုအပ်ချက်အရ ဆက်လက်အခမဲ့ထောက်ပံ့ပေးပါသည်။ မကွေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေး ပြတ်လပ်မှုမရှိစေရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (နေပြည်တော်)၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေး ဌာနသို့ (၂၁-၁၂-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၂၇၂၃ / မကတ- ပက/ SDCU /၂၀၁၈ဖြင့် Indirab ဆေး အလုံး(၅၀၀၀) နှင့် Equirab ဆေးအလုံး(၁၀၀၀)တို့ကို တင်ပြတင်တောင်းခံထားပြီး ဖြစ်ပါကြောင်း ထပ်မံ၍လည်း တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် ထောက်ပံ့မှုရရှိပါက အမြန်ဆုံးအခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဌေးဝင်း ( ထီးလင်းမြို့နယ်မဲဆန္ဒနယ်အမှတ် - ၁ )။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ ထီးလင်း- ဆင်စွယ် လမ်းပေါ်ရှိ လုံးပေါင်ကျေးရွာမှ အုန်းတွဲကျေးရွာကို ဖြတ်ပြီး ထီးလင်း-ဂန့်ဂေါ ပဆငလမ်း ၁၀၃ မိုင်ဇရပ်ထိ ကားများဆိုင်ကယ်များ (၁၂)လရာသီ သွားလာရန် အသုံးတဲ့သောလမ်း ဖောက်လုပ်ပေးရန် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထီးလင်း-ဆင်စွယ်ကားလမ်းဟာ ထီးလင်းမြို့နယ်၏ အလယ်ခေါင်မှ ဖောက်လုပ်ထားသော လမ်းတစ်လမ်းဖြစ်ပါတယ်။ ထီးလင်းမြို့နှင့်ကျေးရွာများ ချိတ်ဆက်ထား၍ အခရာကျသော လမ်းတစ်လမ်းဖြစ်ပါတယ်။ လမ်းအရှည်ဟာ ထီးလင်းနှင့် ဆင်စွယ်ကို (၁၂)မိုင်ကွာဝေးပါတယ်။ ယခင်အစိုးရလက်ထက် ဖောက်လုပ်ခဲ့ပြီး ကျောက်များ ဘေးစင်ထွက်နေပြီး ဆိုင်ကယ်များ၊ ကားများ ခက်ခက်ခဲခဲနှင့် သွားလာနေရ၍ ယခု မေးခွန်းမေးမြန်းသူ၏ မေးခွန်းအရ လိုအပ်သေးသော နေရာများကို ကျောက်များဖြည့်စွက်ပြီး မြေနီကျောက်စရစ်ခင်း လမ်းကြိတ်စက်နှင့် ကြိတ်၊ မြေညှိစက်နှင့် ညှိ၊ ညီညာပြန့်ပြန့်နှင့် ကားဆိုင်ကယ်များ ချောမွေ့စွာ သွားလာ၍ ရရှိနေပါပြီ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဖောက်လုပ်မည့်လမ်းဟာ ဆင်စွယ်လမ်းနှင့် ချိတ်ဆက်ထားသော ကျေးရွာများအတွက် ပို၍ နီးသွားစေရန်နှင့် အချိန်တိုတိုနှင့် ထီးလင်း- ဂန့်ဂေါ ပဆငလမ်းဘက်ရှိ ကျေးရွာများ နီးနီးလေးဖြစ်သွားစေပြီး အကျိုးရှိမဲ့လမ်း ဖြစ်ပါတယ်။ လုံးပေါင်ရွာဟာ ထီးလင်း-ဆင်စွယ်လမ်းပေါ်မှာ မေးတင်နေသော ရွာတစ်ရွာဖြစ်ပြီး အုန်းတွဲနှင့် (၃)မိုင် အကွာမှာ ရှိပါတယ်။ ယခုလမ်းဖောက်လိုက်ပါက လုံးပေါင်-အုန်းတွဲ ကျေးရွာချင်းဆက်လမ်းအပြင် အုန်းတွဲရွာသားများ၏ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသော အုန်းတွဲမှ ၁၀၃ မိုင်ဇရပ်အထိ ဖောက်ထားသောလမ်းနှင့် ချိတ်ဆက်မိပြီး မြောက်ဘက်ခြမ်းရွာများနှင့် ဂဟေဆက်ပေးမဲ့လမ်း ဖြစ်သွားမှာပါ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလမ်း ဖောက်လုပ်ပြီးသွားပါက ဆင်စွယ်လမ်းကို အသုံးပြုပြီး ဂန့်ဂေါ-ထီးလင်း ပဆငလမ်းသို့ ဖြတ်ထွက် အသုံးပြုမည့်ရွာများဟာ ဆင်စွယ်လမ်း

ကို အသုံးချပြီး ထီးလင်းမြို့အဝင်ထိ ပတ်မထွက်ရသဖြင့် အချိန်ကုန် ငွေကုန်သက်သာကြမှာ ဖြစ်ပါတယ်။ ယခုလမ်းကို အသုံးပြုမည့် ရွာများမှာ ကျိုင်း၊ ဒေါ်သာ၊ ရင်ရောင်း၊ တိ၊ ငါးဆင်း၊ ပါးမျှင်း၊ ခါးပေါင်းတော၊ လက်ပံ၊ ပြင်ပ၊ ဆင်စွယ်အပြင် အာရှပတ်လမ်းဘက်မှ ကျေးရွာများလည်း အသုံးတဲ့ကြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပခုက္ကူ-ပေါက်-ထီးလင်း လမ်းဘက်ခြမ်းရှိ ရွာများလည်း အကျိုးရှိစွာ အသုံးပြုနိုင်မှာဖြစ်၍ မဖြစ်မနေ ဖောက်သင့်ပါတယ်။ တောင်ဘက်ခြမ်းရွာများဟာ ဂန့်ဂေါကိုဖြစ်ဖြစ် ယခုဖောက်လုပ်မည့် လုံးပေါင်- အုန်းတွဲမှ ထီးလင်း- ဂန့်ဂေါ ပဆင လမ်းဘက်ခြမ်းရှိ ရွာများနှင့် သွားလာလိုပါက ယခင်ကကဲ့သို့ ထီးလင်းမြို့ထိ ပတ်သွားစရာ မလိုတော့ပဲ ဖိုးခွေးလမ်း ဇရပ်မှ ဆင်စွယ်လမ်းဘက်ထွက်ပြီး ယခုဖောက်လုပ်မည့် လုံးပေါင်-အုန်းတွဲ လမ်းကို အသုံးပြုပြီး ထီးလင်း-ဂန့်ဂေါ ပဆငလမ်းဘက်ကို ငွေကုန်သက်သာ၊ အချိန်ကုန်သက်သာ စွာဖြင့် သွားလာနိုင်ပြီး တောင်ခြမ်းနေ၊ မြောက်ခြမ်းနေ ကျေးရွာသား/သူများ ရွှေဂဟေဆက် လမ်းလိုပင် ပြောစမှတ်ပြုနိုင်ပါတော့မယ်။ သို့ပါသောကြောင့် ထီးလင်း-ဆင်စွယ်လမ်းပေါ်တွင် မေးတင်ထားသော လုံးပေါင်ရွာနှင့် အုန်းတွဲရွာ ရွှေဂဟေဆက်လမ်း၊ ငွေသက်သာလမ်း၊ အချိန်သက်သာလမ်းဟာ အချိန်မဆိုင်းပဲဖောက်လုပ်ပေးရန် လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် တင်ပြဆွေးနွေး မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။** ။ ထီးလင်း - ဂန့်ဂေါ(ပဆင)လမ်းမှ အုန်းတွဲ - လုံးပေါင် ကျေးရွာချင်းဆက်လမ်း (၅/၂)မိုင်မှာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းစာရင်းအမည်ပေါက်ပြီး Class C၊ ဦးစားပေး(၂) စာရင်းဝင် ဖြစ်ပါသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့(၁၂)လ (ငွေလုံးငွေရင်း)ရန်ပုံငွေ (၁၁၀.၀၀)သန်းဖြင့် ဖောက်လုပ်ရန် လျာထားခဲ့သော ငှက်ပျဉ်း - မိုးကောင်း - အုံးနှောက် - မြောင်းကြီး - မြစ်ကိုင်းကျေးရွာချင်းဆက်လမ်း(၅/၀)မိုင် မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ဂဝံ/ဂျင်း မြေခင်းကြိတ်ခြင်း လုပ်ငန်းမှ ဒေသခံပြည်သူအများ ပိုမိုအကျိုးဖြစ်ထွန်းနိုင်သော ပဆင - (ထီးလင်း - ဂန့်ဂေါလမ်း) - အုန်းတွဲ - လုံးပေါင်ကျေးရွာချင်းဆက်လမ်း(၅/၂)မိုင် မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ဂဝံ/ဂျင်းမြေခင်းကြိတ်ခြင်း လုပ်ငန်း ရန်ပုံငွေ(၁၁၀.၀၀)သန်းသို့ ပြောင်းလဲဆောင်ရွက်ခွင့် ရရှိနိုင်ရေး ထီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ထောက်ခံချက်ဖြင့် တင်ပြထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လုပ်ငန်းပြောင်းလဲ ဆောင်ရွက်ခွင့်ရရှိပါက ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးတင့်ဆန်း ( ပွင့်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ် - ၂ )။** ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပွင့်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းပဲ ဖြစ်ပါတယ် ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရွာခိုင်ကျေးရွာအနီး မုန်းချောင်းကမ်းပါး ပြိုကျနေမှုကို ရေကာတာတစ်ခု ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား -

ပွင့်ဖြူမြို့နယ်၊ ဖလံတောကျေးရွာအုပ်စု၊ စွန်းကျေးရွာဟာဆိုရင် ဖလံတောကျေးရွာနှင့် မုန်းချောင်း တစ်ခုခြားသော အုပ်စုရွာ၌ တစ်ခုဖြစ်ပြီး ရွာခိုင်ကျေးရွာနှင့် (၅)ဖာလုံခန့်သာ ဝေးသောရွာတစ်ရွာ ဖြစ်ပါတယ်။ အခုဆိုရင် ၎င်းစွန်းကျေးရွာသည် မုန်းကမ်းပါးပြိုကျ၍ တဖြည်းဖြည်းနှင့် ရွာခိုင်ကျေးရွာထဲသို့ ရောက်ရှိသွားပြီး ရွာနေရာသည် မုန်းချောင်းတစ်ဖက် ကမ်း(၄)ဖာလုံခန့်အကွာတွင် ကျန်ရှိခဲ့ပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား -

ထိုကဲ့သို့ မုန်းကမ်းပါးပြိုကျလာမှုကြောင့် လူနေအိမ်များ ရွှေ့ပြောင်းလာခဲ့သော ဆယ်စုနှစ် တစ်ခု ကြာခဲ့ပြီး မုန်းကမ်းပါးတွင် မြေနေရာမဝယ်နိုင်၍ မုန်းချောင်းကမ်းပါးထိပ်တွင် အိမ်ထောင် စု(၃)ခုသာ ကျန်ပါတော့လည်း ပွင့်ဖြူမြို့နယ်တွင်ရှိသော ရုံလေးရုံထဲမှ တစ်ရုံဖြစ်သော ရွာခိုင်ကျေးရွာ ဃောသိတရုံ ဘုရားကြီးနှင့်ဆိုရင် ပေ(၅၀၀)ခန့်သာ ဝေးကွာနေပါတော့တယ်။ မုန်းချောင်းကမ်းပါး ဆက်တိုက်ဆိုသလို ပြိုကျနေမယ်ဆိုရင် ဘုရားကြီးတွင်မကဘဲ ကုန်းဇောင်း - ရောက်တော - ဥယျာဉ်ကျစ်လမ်း - ရွာခိုင် ကျေးရွာများကိုပါ အန္တရာယ်ဖြစ်လာနိုင်ပါတယ်။

သို့ပါသောကြောင့် ရွာခိုင်ကျေးရွာအနီး ဖြတ်သန်းစီးဆင်းသော မုန်းချောင်းအား အမြန်ဆုံး ရေကာတာ တစ်ခုခု ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းရပါတယ် ခင်ဗျား။ အားလုံး ကျန်းမာ ကြပါစေ၊ ချမ်းသာကြပါစေ။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။ ။** မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ရွာခိုင်ကျေးရွာအနီး ဖြတ်သန်းစီးဆင်းနေသော မုန်း ချောင်းကမ်းပါးပြိုကျနေမှုအား ရေကာတာတစ်ခု ဆောက်ပေးရန်ကိစ္စနှင့်ပတ်သက်၍ (၁၈.၁၁.၂၀၁၈) ရက်နေ့တွင် မကွေးတိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သွားရောက်စစ်ဆေးခဲ့ရာ ရွာခိုင်ကျေးရွာအုပ်စုတွင် ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၈၀၇)အိမ်နှင့် အိမ်ထောင်စု (၉၁၂)စုရှိပြီး လူဦးရေအားဖြင့် (၃၉၈၇)ဦးခန့် နေထိုင်လျက်ရှိပါသည်။

မုန်းချောင်းရေ မတိုက်စားမီအချိန်တွင် အဆိုပါနေရာ၌ ဖလန်တောကျေးရွာအုပ်စု၊ စွန်းကျေးရွာနှင့် အိမ်ထောင်စု(၆၀)ကျော် နေထိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်မှစ၍ မုန်းချောင်းရေ တိုက်စားမှုကြောင့် အိမ်ထောင်စု(၅၀)ခန့်မှာ ရွာခိုင်ကျေးရွာအုပ်စုတွင် ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ ယခုလက်ရှိအချိန်တွင် အိမ်ခြေ(၉)အိမ်သာ ကျန်ရှိပါသည်။

ရွာခိုင်ကျေးရွာတွင် ကောဏာဂုံဘုရားရှင်လက်ထက် သီတင်းသုံးတော်မူခဲ့သော သမိုင်းဝင် ပဗ္ဗတာ ရာမကျောင်းတော်ကြီးနှင့် မဟာဃောသိတာရုံ ရှေးဟောင်းစေတီတော်ကြီး တည်ရှိပါသည်။ လက်ရှိအနေ အထားတွင် မုန်းချောင်းရေတိုက်စားမှုကြောင့် စေတီတော်ကြီးမှာ ချောင်းကမ်းပါးနှင့် ပေ(၃၀၀)ကျော်ခန့် သာ ကွာဝေးပါသည်။

သို့ဖြစ်ပါ၍ သမိုင်းဝင်စေတီတော်ကြီးအား မုန်းချောင်းရေတိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသင့်ပါသည်။ ရွာခိုင်ကျေးရွာ မုန်းချောင်းကမ်းပါးများမှာ သဲကမ်းပါးများ ဖြစ်ခြင်းကြောင့် ရေတိုက်စားမှု ပိုမိုဖြစ်ပွားရကာ ၂၀၁၈ ခုနှစ် ရေကြီးချိန်တွင် အတွင်းဘက်(၁၅၀)ပေခန့် ပြိုကျခဲ့ရပါသည်။ စုစုပေါင်းကမ်းပြိုသည့် အလျားမှာ (၆၀၀၀)ပေခန့် ရှိပါသည်။ အဆိုပါကျေးရွာ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းအတွက် (၃)တန်းသွား ကျောက်ကြီးဖြည့် အခြေထိန်း၊ Geo Bag ဖြည့် မျောကရစ်(၁၈၀၀)ပေနှင့်

(၃)တန်းသွား Geo Bag ဖြည့် ရေလွှဲရေကာ(၁၅၀)ပေ၊ (၁၀)ချောင်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သန်း(၃၈၃.၈၁၆)ဖြစ်ပါသည်။

အဆိုပါကမ်းပြိုမှုအား ဆောင်ရွက်ပေးရန် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားခြင်းမရှိပါကြောင်းနှင့် အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ညိုညိုဦး ( စေတုတ္တရာမြို့နယ်မဲဆန္ဒနယ်အမှတ် - ၁ )။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ စေတုတ္တရာမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦး ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ အုံးဝါးရွာနှင့် ပညာရေး၊ ကျန်းမာရေးကိစ္စများ ဆက်သွယ်နေရသော အနီးရွာဖြစ်သည့် ပင်းလှရွာ၊ တွယ်လင်ရွာ(၂)ရွာအား မြေသားလမ်းဖောက်လုပ်ပေးခြင်းလုပ်ငန်းနှင့် ချောင်းရေလွှဲခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် -

ယခု JIP တံတားဆောက်နေသည့် အုံးဝါးရွာနှင့် (၃)မိုင်ခန့်အကွာရှိ ပင်းလှရွာသည် ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အုံးဝါးရွာသို့ နေ့စဉ်သွားလာနေရသော ကျေးရွာဖြစ်ပါသည်။ သွားလာမှု အဆင်ပြေချောမွေ့စေရန် အုံးဝါး - ပင်းလှ(၃)မိုင်အား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးပါရန် ကျေးရွာလူထုမှ တင်ပြလာပါသည်။

ဆက်လက်၍ အုံးဝါးရွာနှင့် (၂)မိုင်အကွာရှိ တွယ်လင်ရွာသည် ကွေ့ပတ်စီးဆင်းနေသော ထီးချောင်းရေကို (၂)တန် ဖြတ်ကူးသွားမှ အုံးဝါးကျေးရွာသို့ ရောက်ပါသည်။ ကျေးရွာလူထုမှ ထီးချောင်းအား ပေ(၁၀၀၀)(ဒေသခန့်မှန်းချက်)ခန့်အား စက်ယန္တရားအကူအညီဖြင့် ချောင်းလွှဲပေးခြင်းဖြင့် ချောင်းပြင်လမ်းကြောင်းမှ အုံးဝါးရွာသို့ သွားနိုင်မည့်အပြင် လယ်ဧက(၂၀၀)ခန့် စိုက်ပျိုးနိုင်မည့် အနေအထားသို့ ရောက်ရှိလာမည်ဖြစ်၍ ချောင်းလွှဲခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးပါရန် တင်ပြလာပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် -

အုံးဝါး - ပင်းလှ(၃)မိုင်အား မြေသားလမ်းဖောက်လုပ်ခြင်းနှင့် တွယ်လင်ရွာအတွက် စက်ယန္တရားဖြင့် ချောင်းရေလွှဲခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရသို့ တင်ပြပေးနိုင်ပါရန် မေးခွန်းမေးမြန်းအပ်ပါတယ်ရှင်။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်ရှိ ပဒါန်း - ငဖဲ - စေတုတ္တရာ - ဗူးဝ - လောင်းရှည်လမ်းမှ အုံးဝါး - တွယ်လင်ကျေးရွာသို့ ဆက်သွယ်သောလမ်း (၁/၄)မိုင်နှင့် အုံးဝါး - ပင်းလှရွာ ဆက်သွယ်သောလမ်း(၃/၀)မိုင်မှ မြေသားလမ်းအမျိုးအစားဖြစ်ပြီး Class B တွင် ပါဝင်ပါသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အုံးဝါးရွာ၌ JIP(Japan Infrastructure Partnership) အစီအစဉ်ဖြင့်(၂၈၀') အုံးဝါးတံတား Submersible Bridge(ငုတ်လျှိုးတံတား)တည်ဆောက်လျက် ရှိပါသည်။ အုံးဝါး - တွယ်လင်လမ်း(၁/၄)မိုင်နှင့် အုံးဝါး - ပင်းလှရွာလမ်း(၃/၀)မိုင်သည် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေး

နှစ် ရန်ပုံငွေရရှိမှုတွင် မပါဝင်သော်လည်း စေတုတ္တရာ - ဆောလမ်းမှ အုံးဝါးရွာထိ မြေလမ်း(၀/၅)မိုင်အား Submersible Bridge တည်ဆောက်ပြီးပါက ဒေသခံပြည်သူများ၊ ကျောင်းသား/သူများ၏ ပညာရေး၊ ကျန်းမာရေးကိစ္စများ အဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေမှ ခန့်မှန်းကုန်ကျငွေကျပ်(၁၈.၀၀၀)သန်းဖြင့် လမ်းတာချဲ့ခြင်း၊ ချောင်းကျောက်စရစ်ဖြန့်ခင်းကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ရှိသော လမ်းပိုင်းအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ထီးချောင်းရေလွှဲခြင်း လုပ်ငန်းအား မကွေးတိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးစေပြီး ဆောင်ရွက်သင့်သည့်အခြေအနေပေါ် မူတည်၍ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားတင်ပြပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်မြင့်စန်း ( ပေါက်မြို့နယ်မဲဆန္ဒနယ်အမှတ် - ၂ )**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန်း ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမယ့် မေးခွန်းကတော့ ဒုတိယအကြိမ်လွှတ်တော် **ပဉ္စမပုံမှန် အစည်းအဝေး** (၂၆.၆.၂၀၁၇)ရက်နေ့တွင် အဆိုတင်သွင်းပြီး (၂၈.၆.၂၀၁၇) ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်(၅)ဦးမှ ထောက်ခံဆွေးနွေး၍ လွှတ်တော်တွင် အတည်ပြုခဲ့သော မြစ်များ၊ ချောင်း များ၊ သဲချောင်းများအတွင်း အမှိုက်စွန့်ပစ်ခြင်းအား တားဆီးပေးစေလိုကြောင်း တိုက်တွန်းကြောင်းအဆိုကို အစိုးရမှ ဆောင်ရွက်နေမှု၊ ပြီးစီးမှုအခြေအနေကို သိရှိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် -

ဖော်ပြပါအဆိုကို လွှတ်တော်မှ အတည်ပြုပြီးသည်မှာ (၁၈)လရှိပြီးဖြစ်သော်လည်း ဆက်လက်အကောင်အထည် မဖော်သည်ကို တွေ့နေရပါတယ်။ ဒီအဆိုကို တင်သွင်းခဲ့ရခြင်းဟာ ပတ်ဝန်းကျင်ညစ်ညမ်းပြီး ကမ္ဘာအလယ်မှာ ရှက်စရာကောင်းလောက်အောင် ဖြစ်နေခြင်း၊ အကြီးစား စိန်ခေါ်မှုဖြစ်နေတဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေခြင်း၊ ကျွန်မတို့ရဲ့ခေါင်းဆောင် အမေ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဆန္ဒဖြစ်နေခြင်းတို့ကြောင့် ဖြစ်ပါတယ်ရှင်။ အမေ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်၍ ၂၀၁၅ ရွေးကောက်ပွဲအပြီး လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် အမှိုက်ကောက်စေခဲ့တာဟာ အားလုံးအသိဖြစ်ပါတယ်ရှင်။ အမှိုက်တစ်ခါ ကောက်တာနဲ့ ဘယ်လိုမှ သန့်ရှင်းသပ်ရပ်မှု မဖြစ်နိုင်ပါ။ နမူနာကို အတုယူရန် မြော်မြင်၍ အကျင့်ကောင်းတစ်ခု စွဲမြဲပြီး အမှိုက်မချတော့သည့် အခြေအနေရောက်အောင် လုပ်ရမှာဖြစ်ပါတယ်။ အမေ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှိုက်ကောက်သည့် လှုပ်ရှားမှုဟာ တစ်ကြိမ်သာ အမှိုက်ကောက်ရန်၊ အမှိုက်ရှင်းရန် မဟုတ်ဘဲ စည်းကမ်းရှိသော ပြည်သူဖြင့် သန့်ရှင်းသပ်ရပ်ပြီး အမှိုက်ကင်းရှင်းသော တိုင်းပြည်တစ်ခုကို ထူထောင်ရန် ရည်ရွယ်တယ်လို့ ယုံကြည်မိပါတယ်ရှင်။ ခေါင်းဆောင်က နမူနာလုပ်ပြပြီးဖြစ်လို့ အရိပ်ပြရင် အကောင်ထင်သင့်ပါတယ်ရှင်။ အသက်(၇၀)ကျော် ခေါင်းဆောင်တစ်ယောက် မနားတမ်းပြေးလွှားပြီး တိုင်းပြည် ဟန်ချက်ညီအောင် ကြိုးစားနေရတဲ့ကြားက အမှိုက်ကိစ္စလောက်ကို

ဒုတိယတစ်ကြိမ် ညွှန်ကြားနိုင်ခြင်း မရှိသည့်အပေါ် တာဝန်ရှိပုဂ္ဂိုလ်များက ပြည်သူများကို ဦးဆောင်လမ်းညွှန် စီမံပေးရမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကိုယ်စားလှယ်တစ်ယောက်ရဲ့ မျှော်လင့်ချက်ဟာ ပြည်သူရဲ့ မျှော်လင့်ချက် ဖြစ်ပါတယ်ရှင်။ လွှတ်တော်ထဲမှ ထင်သာမြင်သာ တင်သွင်းပြီး လွှတ်တော်မှ အတည်ပြုပြီးသော အဆိုတစ်ခုကို အကောင်အထည်ဖော်ရန် အချိန်မဆွဲသင့်ပါ လက်ရှိ လွှတ်တော်သက်တမ်း လက်ကျန်ကိုလည်း တွက်ကြည့်သင့်ပါတယ်ရှင်။ ယခုသက်တမ်းအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် အဓိပ္ပာယ်ရှိသော လွှတ်တော်နှင့် ကိုယ်စားလှယ်များဖြစ်ပြီး တာဝန်ကျေသော အစိုးရဖြစ်၍ စောင့်ကြည့်လေ့လာအကဲခတ်နေသည့် ပြည်သူများရဲ့ယုံကြည်မှုကို အလုပ်နှင့် သက်သေပြခြင်းဖြင့် ရနိုင်မှာဖြစ်ပါတယ်ရှင်။

သို့ဖြစ်ပါ၍ ကျွန်မရဲ့ လွန်ခဲ့သော (၁၈)လက လွှတ်တော်တွင် အတည်ပြုပြီးဖြစ်သော မြစ်များ၊ ချောင်းများ၊ သဲချောင်းများအတွင်း အမှိုက်စွန့်ပစ်ခြင်းအား တားဆီးပေးစေလိုကြောင်းအဆိုကို အစိုးရမှ ဆောင်ရွက်နေလျှင် မည်သည့်အခြေအနေသို့ ရောက်ရှိနေသည်ကို ဖြေကြားပေးရန်နှင့် အကယ်၍ မဆောင်ရွက်သေးလျှင် မည်သည့်နှစ်၊ မည်သည့်လတွင် လက်တွေ့အကောင်အထည်ဖော် ပေးမည်ဆိုသည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့အား မေးမြန်းလိုက်ရပါတယ်ရှင်။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။** ။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများကို ပြည်သူများအကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်မှုဖြင့် ရေအရင်း အမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရေလမ်းထိန်းလုပ်ငန်းများ၊ မြစ်ချောင်းကမ်းပြို/ကမ်းထိန်းလုပ်ငန်းများ၊ ရေလမ်းညွှန်လုပ်ငန်းများ၊ ပြည်သူလူထုအပေါ် ဝန်ဆောင်မှုပေးသော အခြားလုပ်ငန်းများအား ဆောင်ရွက်ပေးလျက် ရှိပါသည်။

မြစ်ချောင်းများအတွင်းသို့ လူနေအိမ်များ၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ စက်ရုံများမှ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း (အစိုင်အခဲ/အရည်)၊ လျှပ်စစ်စွန့်ပစ်ပစ္စည်း၊ အမှိုက်များနှင့် ပတ်သက်၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ အခန်း (၅) တားမြစ်ချက်များအပိုင်း၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ၌ **'ကမ်းနားမှသော်လည်းကောင်း၊ ခုတ်မောင်းနေသော၊ ဆိုက်ကပ်ထားသော၊ ကျောက်ချရပ်နားထားသော၊ သောင်တင်နေသော (သို့မဟုတ်) နစ်မြုပ်နေသော ရေယာဉ်မှသော်လည်းကောင်း သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းဖြစ်စေမည့် စက်သုံးဆီ၊ ဓါတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်းနှင့် အခြားပစ္စည်းများစွန့်ပစ်ခြင်း (သို့မဟုတ်)ပေါက်ကွဲစေတတ်သော ပစ္စည်းများစွန့်ပစ်ခြင်း မပြုရ' ဟု ပြဋ္ဌာန်းပါရှိပါ သည်။ အခန်း(၆) ပြစ်ဒဏ်များအပိုင်း၊ပုဒ်မ ၂၆ ၌ 'မည်သူမဆို ပုဒ်မ ၁၀၊၁၁၊၁၂၊၁၃၊ (သို့မဟုတ်)ပုဒ်မ ၁၄ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား (၂)နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်'** ဟု ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီးအစိုးရသည် ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၌ ဥပဒေပြုခြင်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သည် ဇယား(၂)တွင်

ဖော်ပြထားသော တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ဥပဒေပြု စာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ '**တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်**' ဟု ဖော်ပြပါရှိပြီး ဇယား (၂) ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ အပိုင်းခွဲ (က)တွင် '**တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ**' ဟု ဖော်ပြပါရှိသဖြင့် ၂၀၁၅ခုနှစ်၊ မကွေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောများ၊ ဆိပ်ခံများဥပဒေကို ၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင်လည်းကောင်း၊ နည်းဥပဒေကို ၂၀၁၇ ခုနှစ်၊ ဖော်ဖေဝါရီ (၂၃) ရက်နေ့တွင်လည်းကောင်း မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

အဆိုပါဥပဒေ၏ အခန်း(၈)၊ ပုဒ်မ ၂၃ ၌ မြစ်ချောင်းများအတွင်းသို့ အမှိုက်သရိုက်များ၊ အညစ်ကြေးများ စွန့်ပစ်ခြင်းနှင့်ပက်သက်၍ '**မည်သူမျှဆိပ်ကမ်းနယ်အတွင်း ရေထုညစ်ညမ်းမှုကို ဖြစ်စေသော အမှိုက်သရိုက်များ၊ အညစ်အကြေးများ၊ သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းနှင့် ဘေးအန္တရာယ် ဖြစ်စေသော ပစ္စည်းများ စွန့်ပစ်ခြင်း မပြုရ**' ဟု ပြဋ္ဌာန်းပါရှိပါသည်။ အခန်း(၃)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ)၌ '**ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းပေးခြင်း၊ ကြီးကြပ်ခြင်း**' ဟု ပြဋ္ဌာန်းပါရှိပါသည်။

မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဝန်ထမ်းအခြေအနေအရ အနည်းငယ် နှောင့်နှေးကြန့်ကြာခဲ့သော်လည်း ယခုအခါတွင် မကွေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသအခြေခံအဆင့် မြို့/ရွာများအထိ ထိရောက်စွာ ကြီးကြပ်နိုင်ရန်အတွက် ဒေသအလိုက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်ပါဝင်သော မြို့နယ်အဆင့်ကော်မတီများအား ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မကွေးမြို့နယ်၊ မင်းဘူးမြို့နယ်၊ မင်းလှမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်၊ အောင်လံမြို့နယ်၊ ကံမမြို့နယ်၊ သရက်မြို့နယ်နှင့်မင်းတုန်းမြို့နယ်များသို့ ကွင်းဆင်းဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။ မြို့နယ်အဆင့် ကော်မတီများ၏ လုပ်ငန်းတာဝန်များမှ '**ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေး အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း**'ဟု ပါရှိသဖြင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းပြီး ပိုမိုထိရောက်စွာ အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးအတွင်းရှိ ကျန်ရှိမြို့နယ်များသို့လည်း အမြန်ဆုံး ကွင်းဆင်းဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် မကွေးတိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်ရာတွင် အမှိုက်သရိုက်များ မြစ်ချောင်းများအတွင်း စွန့်ပစ်ခြင်းမပြုရန် ဟောပြောပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန်း၏ မြစ်များ၊ ချောင်းများ၊ သဲချောင်းများအတွင်း အမှိုက်များ စွန့်ပစ်ခြင်းအား တားဆီးပေးစေလိုပါကြောင်းအဆိုနှင့် စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများတွင်လည်း တားမြစ်ချက်၊ ပြစ်ဒဏ်များဖြင့် ပြဋ္ဌာန်းပါရှိပါကြောင်း၊ ပြဋ္ဌာန်းချက်

များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် ဒေသအလိုက် ကော်မနီများအား အမြန်ဆုံးဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊အဆိုပါအဖွဲ့များ ဖွဲ့စည်းပြီးပါက ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အရေးယူ အပြစ်ပေးခြင်းများဖြင့် တားဆီးနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ညိုညိုဦး ( စေတုတ္တရာမြို့နယ်မဲဆန္ဒနယ်အမှတ် - ၁ )**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ စေတုတ္တရာမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦး ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မကွေးတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများမှ တင်ဒါခေါ်ယူမှုနှင့်ပတ်သက်၍ တင်ဒါစည်းကမ်းနှင့်ညီသည့် တင်ဒါအောင်မြင်သူများသည် တိုင်းဒေသကြီးအစိုးရ၏ အတည်ပြုချက်ရရှိမှသာ တင်ဒါ အတည်ဖြစ်သည့်ကိစ္စနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် -

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့၍ လေလွင့်မှု လျော့နည်းနိုင်သမျှ နည်းစေရန်အတွက် ယခင်ရေးဆွဲအသုံးပြုခဲ့သော ဘတ်ဂျက်အချိန်ဇယားအား ယခုအခါ အောက်တိုဘာလ(၁)ရက်မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ထိုသို့ ပြောင်းလဲသတ်မှတ်ခြင်းသည် ပွင့်လင်းရာသီတွင် စီမံကိန်းလုပ်ငန်းများအား ထည့်လုပ်ဆောင်ပြီးမြောက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ သို့မှသာ ထိခိုက်ပျက်စီးမှု၊ လေလွင့်မှုနည်းပြီး လုပ်ငန်းတွင်ကျယ်မည်ဖြစ်ပါသည်။ တင်ဒါခေါ်ယူမှုလုပ်ငန်းများကို အတတ်နိုင်ဆုံး လျင်မြန်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းသို့သွားရန် လိုအပ်လှပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် -

ယနေ့အချိန်အခါတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဝင်များ၊ လုပ်ငန်းရှင်များ အားလုံးပါဝင်သော အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ပွင့်လင်းမြင်သာမှု အထိုက်အလျောက်ရှိလာပြီ ဖြစ်ပါသည်။ တင်ဒါအတည်ဖြစ်မှ လုပ်ဆောင်ရမည့်အပိုင်းများအတွက် အချိန်ကာလတစ်ခု လိုအပ်မည်ဖြစ်သဖြင့် လုပ်ငန်းကြန့်ကြာမှု မဖြစ်ရန် လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ ဆုံးဖြတ်ချက် ချပေးနိုင်သူများ ပါဝင်သောအဖွဲ့၏ အပြီးသတ်အတည်ပြုချက်ရယူကာ စီမံကိန်းလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်ပါက မလိုလားအပ်သော အထင်အမြင်လွဲမှားမှုများ၊ အဂတိလိုက်စားမှုများ၊ မိုးဦးကျ စောသဖြင့် လေလွင့်ဆုံးရှုံးမှုများ လျော့နည်းသွားမည် ဖြစ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် -

တင်ဒါခေါ်ယူသည့်စနစ်အား ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ပါဝင်သင့် ပါဝင်ထိုက်သူများ၏ ဆုံးဖြတ်ချက်ဖြင့် အတည်ပြုပေးသည့် လုပ်ငန်းစဉ်အား လုပ်ဆောင်သွားရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )**။ ။ ဌာနဆိုင်ရာများအနေဖြင့် တင်ဒါခေါ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ် စလျှင်စချင်း ဆောင်ရွက်နိုင်ခြင်း မရှိဘဲ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အမှတ် (၁/၂၀၁၇) တွင် ပါဝင်သည့် တင်ဒါကော်မတီမှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအနက် အဓိကအချက်ဖြစ်သော **'ဆောင်ရွက်မည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေး မဟုတ်သော ဝန်ဆောင်မှုရယူခြင်း တို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ/မရှိ စိစစ်ခြင်း။'** ဟူသော အချက်အရ တင်ဒါခေါ်ယူမည့် လုပ်ငန်းများအတွက် ပြည်ထောင်စု / တိုင်းဒေသကြီးမှ ရန်ပုံငွေ အတည်ပြုချက် ရရှိပြီး ချိန်မှသာ တင်ဒါခေါ်ယူခြင်း လုပ်ငန်းအား စတင်ဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် တင်ဒါကော်မတီဖွဲ့စည်းနိုင်ရေးအတွက် ဌာနများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးမှတဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက် လျက်ရှိပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ မှတင်ဒါကော်မတီဖွဲ့စည်းမှုအား အတည်ပြုချက်ရရှိပြီးပါက နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)ပါညွှန်ကြားချက်များနှင့်အညီ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံ ရေးကော်မတီစသည့်ကော်မတီ(၃)ခုအား တင်ဒါကော်မတီ၏အတည်ပြုချက်ဖြင့် ထပ်မံဖွဲ့စည်း ဆောင်ရွက် လျက်ရှိပါသည်။ အထက်ပါတင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများ ဖွဲ့စည်းပြီးချိန်မှသာ တင်ဒါ ကြော်ငြာ ခေါ်ယူခြင်း၊ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များ သတ်မှတ်ခြင်း၊ တင်ဒါ ကြမ်းခင်းဈေး သတ်မှတ်ခြင်း၊ တင်ဒါများအား ဖွင့်ဖောက်စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်များအား တင်ဒါကော်မတီ၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခြင်း စသည့်လုပ်ငန်းစဉ်များ အား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ **(ကြားဖြတ်ပြောသည် နားထောင်ရန်)**

တင်ဒါလုပ်ငန်းများမှာလည်း လုပ်ငန်းများ၏ သဘောသဘာဝနှင့်စံချိန်စံညွှန်း သတ်မှတ်ချက်များ ကွဲပြားမှုအခြေအနေအရလည်းကောင်း၊ သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းနှင့်စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ မတူညီမှုကြောင့်လည်းကောင်း၊ အမှတ်ပေးမှုစနစ်၊ ရွေးချယ်မှုနည်းလမ်းများမှာလည်း ဌာနတစ်ခုနှင့်တစ်ခု ကွဲပြားခြားနားလျက်ရှိပါသည်။ ယခုအခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက် အရ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် တင်ဒါစနစ်ဆောင်ရွက်လျက်ရှိသော ဌာန/ အဖွဲ့ အစည်းများအား မိမိတို့ဌာနများမှ တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးလျက်ရှိ သည့် **တင်ဒါလုပ်ငန်းများ စနစ်တကျဆောင်ရွက် ရမည့် နည်းလမ်းအဆင့်အဆင့် ( Standard Operation Procedure)** အား ရေးဆွဲ၍ တင်ပြစေရန် ညွှန်ကြားဆောင်ရွက်လျက်ရှိပါသည်။ ဌာနအသီးသီး၏ **Standard Operation Procedure (SOP)** များ အပေါ်အခြေခံ၍ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ မူဝါဒနှင့် ကိုက်ညီသည့် မကွေးတိုင်းဒေသကြီး၏ တင်ဒါလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရမည့် နည်းလမ်း အဆင့်ဆင့် **(Standard Operation Procedure)** ပြန်လည်ရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့ ဦးဆောင်၍ (၂၈.၁၁.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စု ဆောက်လုပ်ရေးဝန်ကြီးရုံး၌ တိုင်းဒေသကြီး/ပြည်နယ်ဆောက်လုပ်ရေး

ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် တင်ဒါလုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် တင်ဒါကော်မတီဖွဲ့စည်းရာ၌ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ရန်မသင့်ကြောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည့် အပြင် ဦးအောင်မင်း၊ ပြည်ထောင်စုလွှတ်တော် ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ ဧရာဝတီ တိုင်းဒေသကြီး၊ ဇလွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကလည်း မသင့်ပါကြောင်း သဘောထား ပေးခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ငန်း လမ်းညွှန် (၁/၂၀၁၇) တွင်လည်း ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းရမည်ဟူ၍ မပါရှိသည့်အတွက် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီး ဌာနတို့၏ ညွှန်ကြားချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။